# သုံးစွဲရန်မသင့်သောတိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် လူမှုကွန်ယက်စာမျက်နှာ Facebook ပေါ်တွင် ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့်အတွက် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်များအရ Arsenic ပါဝင်ခြင်းတို့ကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ဓာတ်ခွဲ တွေ့ရှိချက် |
|---|---|---|---|---|---|
| ၁ | အာယုသိဒ္ဓိ | သက်ရှည်ဆေး | ဆေးမှုန့်/ဘူး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Arsenic (5.3 ppm) |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် ပမာဏများစွာ ကြာရှည်ထိတွေ့ပါက နာတာရှည် Arsenic အဆိပ်သင့်ခြင်း ဖြစ်ပွားစေနိုင်ပါသည်။ အရေပြားရောဂါများ၊ အရေပြားကင်ဆာအပြင် ဆီးအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာများ ဖြစ်ပွားစေနိုင်ပါသည်။ | | | | | |




**အာယုသိဒ္ဓိသက်ရှည်ဆေးမှုန့်**

DTM

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

DTM